ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
ဆေးဘိုဝကျေးရွာ၊ ရွှေပျောက်ကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ ကျောက်တန်းမြို့နယ် မြေပုံ----------------------------------------------------------------------------------------------------၂

၂။ ရွှေပျောက်ကျေးရွာအုပ်စုမြေပုံ --------------------------------------------------------------------------------------------------၃

၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ---------------------------------------------------၄

၄။ ကျေးရွာအခြေခံအချက်အလက်များ -------------------------------------------------------------------------------------------၅

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA/ PSA ) အကျဉ်းချုပ် ----------------------၆

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်အတွက် အသုံးပြုခဲ့သော PRA tool များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ --------၇ မှ ၁၃

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ -------------------------------------------၁၄

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ -၁၅ မှ ၁၆

၉။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ --------- ၁၇ မှ ၁၈

၁၀။ကျေးရွာကော်မတီစာရင်း ---------------------------------------------------------------------------------------------၁၉

၁၁။ ပုံစံ - စ -၁၊ ကျေးရွာအချက်အလက်များ --------------------------------------------------------------------၂၀ မှ ၂၂


၁၂။ ပုံစံ - ၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ----------------------------------------------------------၂၃ မှ ၂၄

၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ----------------------------------------၂၅ မှ ၂၆

၁၄။ အစည်းအဝေးမှတ်တမ်းများ ---------------------------------------------------------------------------------၂၇ မှ ၃၀

၁၅။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု ( Checklist ) ------------------------------------------------၃၁

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
သုံးခွသို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

၂။ ရွှေပျောက်ကျေးရွာ အုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ဆေးဘိုဝကျေးရွာ

၂။ရွှေပျောက်ကျေးရွာ

၃။ ကြာကန်ဒိတ်ကျေးရွာ

၄။ အဒွတ္တောကျေးရွာ

၅။ ကျိုက္ကမော့ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ဆေးဘိုဝကျေးရွာသည် ရွှေပျောက်ကျေးရွာအုပ်စု (၅) ရွာအုပ်စုတွင် ပါဝင်သောကျေးရွာတစ်ရွာဖြစ်သည်။ ကျောက်တန်းမြို့၏မြောက်ဘက် (၂)မိုင်ခန့်အကွာတွင်တည်ရှိပြီး အနောက်ဘက်တွင်ရွှေပျောက်ကျေးရွာ၊ အရှေ့ဘက်တွင်ပါဒကြီးကျေးရွာ၊မြောက်ဘက်တွင် ညောင်ပိုင်းကျေးရွာတို့နှင့်ဆက်သွယ်နေပါသည်။ ဆေးဘိုဝကျေးရွာသည်လွန်ခဲ့သောနှစ်ပေါင်းများစွာက ယခုလက်ရှိကျေးရွာတည်နေရာတွင် ဆေးလိပ်လိပ်ရာတွင်အသုံးပြုသော ဆေးရိုးပင်များသာပေါက်နေသောနေရာဖြစ်သည်။ ထို့နောက်ထိုနေရာတွင် လူတစ်ဦးသာလာရောက်နေထိုင်ပြီး ထိုဆေးရိုးပင်များကိုအသုံးပြုပြီး ဆေးလိပ်လိပ်ရောင်း၍အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ ထိုမှအစပြု ကာအိမ်များပြောင်းရွှေ့နေထိုင်ကြရာမှ လူနေအိမ်စုများပြားလာခဲ့ပြီးဆေးလိပ်ဖိုကိုအစွဲပြု၍ ဆေးဘိုဝဟုခေါ်စမှတ် ပြုရာမှ ဆေးဘိုဝဟုအမည်တွင်လာခြင်းဖြစ်သည်။ ဆေးဘိုဝကျေးရွာတွင် အောင်သာစည်ဟုဆိုသောအိမ်တန်းစု တစ်စုလည်းရှိပြီး ထိုအစုတွင်လူနေအမ်တစ်ရာနီးပါးခန့်ရှိပါသည်။ ဆေးဘိုဝကျေးရွာတွင်အိမ်ခြေ/အိမ်ထောင်စု (၂၉၀)ခန့်ရှိပြီး ကျေးရွာရှိလူအများစုမှာလက်လုပ်လက်စား၊ ဈေးသည်များနေထိုင်ကြသည်။ ကျေးရွာတွင်(EPC) လျှပ်စစ်မီးလည်းရှိပါသည်။

လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗုဒ္ဓ | ၃ | ၁၁ | ၄ | ၁၅ |
| ခရစ်ယာန် | ၄ | ၁၂ | ၁၄ | ၂၆ |
| | | | | |

ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၃ | ၆ | ၇ | ၁၃ |
| မြေယာမဲ့ | - | - | - | - |
| မသန်စွမ်း | ၂ | ၂ | - | ၂ |

အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| | ကြက် / ဘဲ | ဈေးဆိုင် | နိုင်ငံခြားသွား |
| | ဝက် / နွား | စက်ချုပ်/ကယ်ရီဆွဲ | |
| | ဆိတ် | ဈေးရောင်း | |

ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | | | | | ၁/၁ | |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၁၇ | ၁ | ၁ | - | - | ၁၇ |

ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | - | - | - | ၁၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၇၀၆၅ | ၁၀၀ | ၇၇ | ၁၅၀ | - |


# ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

CDD

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၀.၁၁.၁၆ | ရပ်မိရပ်ဖ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၂ | ၈ | ၂၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၂၀.၁၁.၁၆ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စုများ | ၁၂ | ၈ | ၂၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၃ | ကျားမရေးရာ ကဏ္ဍ - ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၀.၁၁.၁၆ | ရပ်မိရပ်ဖ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၂ | ၈ | ၂၀ | ကျေးရွာတွင်း၌ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအား သိရှိခြင်း |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် | ၂၀.၁၁.၁၆ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၆ | ၂၅ | ၄၁ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝင်ငွေရလုပ်မှုနှင့် ပွဲတော်များ |
| ၅ | ကျားမရေးရာ ကဏ္ဍ - ၂ ပင့်ကူအိမ် သုံးသပ်ချက် | ၂၀.၁၁.၁၆ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၆ | ၂၅ | ၄၁ | အမျိုးသားများနှင့် အမျိုးသမီးများ၊ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းရင်းများ |
| ၆ | ဗင်းပုံစံ | ၂၁.၁၁.၁၆ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၈ | ၃၆ | ၅၄ | ကျေးရွာတွင်း၌၊ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ဦးဆောင်လုပ်ကိုင်မှု |

**၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ  သုံးသပ်ချက်။**




**သုံးသပ်ချက်**

ဆေးဘိုဝကျေးရွာတွင် ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း ရေကန်၊ အစိုးရဆက်သွယ်ရေးရုံး၊ သစ်တောကြိုးဝိုင်း၊ စာသင်ကျောင်းတစ်ကျောင်း နှင့် တံတားတစ်စင်း လည်း ရှိသည်။ ကျေးရွာတွင် ဈေးသည်များမှာ ယာယီဈေးတန်းတွင် ကုန်မျိုးစုံ၊ သား၊ငါး၊ ဟင်းသီးဟင်းရွက်များကို ရောင်းချ၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ဆေးဘိုဝကျေးရွာတွင်း လမ်းများမှာ ကွန်ကရစ်လမ်းအများစုဖြစ်ပြီးမြေနီလမ်းအနည်းငယ်သာရှိသည်။ စက်ရေတွင်း၊ သုသာန်၊ ရေစက် နှင့် ခြံများလည်း ရှိသည်။ အောင်သာစည်တွင် မြေသားလမ်း၊ မြေနီလမ်းများဖြစ်ပြီး ရေကန်တစ်ကန်လည်းရှိသည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။

ဆေးဘိုဝကျေးရွာ (ဥစ္စာဓနကြွယ်ဝမှုလေ့လာ:) ၁၈.၁၁.၁၇

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အလွန်ပြေလည် | သွပ်မိုးတိုက်ခံအိမ်၊ ကား၊ ဆိုင်ကယ်၊ မြေကွက်ပိုင်၊ TV၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်။ လျှပ်စစ်မီး | ၁၀ | ၃.၄၅% |
| အလယ်အလတ်ပြေလည် | သွပ်မိုး ပျဉ်ထောင်၊ ဆိုင်ကယ်၊ စက်ဘီး၊ TV၊ ကုန်စုံဆိုင်၊ လျှပ်စစ်မီး | ၂၅၅ | ၈၇.၉% |
| နွမ်းပါး | ဓနိမိုး ထရံကာ၊ ဝါးကြမ်းခင်း၊ စက်ဘီး၊ TV၊ လက်လုပ်လက်စား။ | ၂၅ | ၈.၆% |
| စုစုပေါင်း | | ၂၉၀ | ၁၀၀% |

**သုံးသပ်ချက်**


ဆေးဘိုဝကျေးရွာတွင် အလွန်ပြေလည်သောအိမ်ထောင်စု၊ အလယ်အလတ်ပြေလည်သော အိမ်ထောင်စု နှင့် နွမ်းပါးသော အိမ်ထောင်စု ဟူ၍ (၃) မျိုးရှိသည်။

အလွန်ပြေလည်သောအိမ်ထောင်စုမှာ သွပ်မိုးတိုက်ခံအိမ်၊ ကား၊ မြေကွက်များ ပိုင်ဆိုင်ခြင်း၊ တီဗွီ၊ ကုန်ဆုံဆိုင်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင် နှင့် လျှပ်စစ်မီးသွယ်နိုင်ခြင်း တို့ဖြင့် ကျေးရွာတွင် အိမ်ထောင်စု (၁၀)အိမ်ထောင်စုသာရှိပြီး ရာခိုင်နှုန်းအားဖြင့် ၃.၄၅%ရှိပါသည်။

အလယ်အလတ်ပြေလည်သော အိမ်ထောင်စုများသည် ပျဉ်ထောင်သွပ်မိုး၊ ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီ၊ ကုန်စုံဆိုင် နှင့် လျှပ်စစ်မီးများသွယ်နိုင်ပြီး စုစုပေါင်း အိမ်ထောင်စု ( ၂၅၅ ) အိမ်ထောင်စုရှိပါသည်။ ရာခိုင်နှုန်းမှာ ( ၈၇.၉%ရှိပါသည်။

နွမ်းပါးသောအိမ်ထောင်စုများသည် ဓနိမိုး ထရံကာ ဝါးကြမ်းခင်း၊ စက်ဘီး၊ တီဗွီများကို ပိုင်ဆိုင်ပြီး လက်လုပ်လက်စားနေ့စားသမားအများစုဖြစ်ပါသည်။ အိမ်ထောင်စုအရေအတွက်မှာ ( ၂၅ )အိမ်ထောင်စုဖြစ်ပြီး ရာခိုင်နှုန်းမှာ ၈.၆%ရှိပါသည်။ နွမ်းပါးရခြင်းမှာ အလုပ်ပုံမှန် မရှိခြင်း၊ မိဘမဲ့သူများခြင်း နှင့် ဝင်ငွေထွက်ငွေ မမျှတခြင်းတို့ကြောင့်ဖြစ်သည်။

## ၃။ ရာသီစွင့်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။




**သုံးသပ်ချက်**

**ရာသီဥတု -** တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း လများတွင် အလွန်ပူပြင်းပြီး နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း နှင့် သီတင်းကျွတ်လများတွင် မိုးများရွာသွန်းလေ့ရှိပါသည်။

**ပွဲတော်များ -** တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ ဝါဆို၊ ဝါခေါင်လများတွင်ဝါဆိုသင်္ကန်း ကပ်ပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးထွန်းပွဲ၊ တပို့တွဲနှင့် တပေါင်းလတွင် ဘုရားပွဲကျင်းပကြပါသည်။


**ဝင်ငွေ၊ ထွက်ငွေ -** လက်လုပ်လက်စားနေ့စားသမားများဖြစ်သည့်အတွက် ငွေဝင်ခြင်းထွက်ခြင်းများရှိပါသည်။ သို့ပေမဲ့ နယုန်လ၊ ဝါဆိုလနှင့်ဝါခေါင်လများတွင်ဝင်ငွေနည်းပါးလေ့ရှိပါသည်။

**မွေးမြူရေး -** တစ်နှစ်ပတ်လုံး ကြက်၊ ဝက်၊ ဆိတ်၊ နွားတို့ကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။

**သောက်သုံးရေ -** ပြာသို၊ တပိုတွဲ၊ တပေါင်းလများတွင်သောက်သုံးရေ အသင့်အတင့်လုံလောက်မှုရှိပြီး တန်ခူး၊ ကဆုန်လများတွင် ရှားပါး၍ ကျန်လများတွင် လုံလောက်မှုရှိပါသည်။

**ကျန်းမာရေး** နေအပူချိန်ပြင်းသော တန်ခူး၊ ကဆုန်တွင် ကလေးသူငယ်များ ဖျားနာပြီး ရာသီဥတု အကူးအပြောင်းဖြစ်သော ဝါဆို၊ ဝါခေါင်၊ နတ်တော်၊ ပြာသို၊တပေါင်းလများတွင်ဖျားနာကြပြီး နယုန်လတွင်တုပ်ကွေးများလည်းဖြစ်လေ့ရှိပါသည်။


**၄။ ဗင်းပုံစံ သုံးသပ်ချက်။**



**သုံးသပ်ချက်**

ကျေးရွာတွင်းဖွဲ့စည်းထားသောအဖွဲ့စည်းများမှာ သာရေးနာရေးအဖွဲ့အစည်းများ ၊နာရေးကူညီမှုအဖွဲ့၊ ဝတ်အသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး၊ မိဘဆရာအသင်း၊ မြစိမ်းရောင်၊ ပက်(စ်)မြန်မာ၊ ဘီဂျီ၊ အေစီလီတာ၊ ပတ္တမြားရောင်(ငွေချေးအဖွဲ့)၊ အုပ်ချုပ်ရေးမှူးအဖွဲ့၊ အားကစားအသင်းအဖွဲ့၊ ရပ်မိရပ်ဖ၊ မွေးမြူရေးအဖွဲ့ အစည်း ၊ မီးကော်မတီအဖွဲ့များသည် ကျေးရွာလူထုနှင့်ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ မြို့နယ်အဖွဲ့အစည်းများဖြစ်သော မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ကျေးလက်ဦးစီးဌာန၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်လျှပ်စစ်ရုံးတို့သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**အိမ်မှုကိစ္စ** - အိမ်မှုကိစ္စများတွင် အမျိုးသမီးများက ရာနှုန်းပြည့် ဆောင်ရွက်နေရကြောင်း တွေ့ရသည်။ အမျိုးသားများက စီးပွားရှာနေရသောကြောင့် တစ်ခါတစ်ရံမှသာ ကူညီဆောင်ရွက်နိုင်ကြောင်းတွေ့ရပါသည်။

**ပညာရေး** - ပညာရေးပိုင်းတွင် အမျိုးသား၊အမျိုးသမီး တန်းတူနီးပါးမျှ သင်ယူနေကြောင်း တွေ့ရသည်။ အမျိုးသမီးအနည်းစုသည် ပညာရေးအနည်းငယ်အားနည်းနေသည်။ အဘယ်ကြောင့်ဆိုသော် ရှေးရိုးစွဲ အစဉ်အလာများကြောင့် ဖြစ်သည်ဟုသိရသည်။

**ကျန်းမာရေး** - ကျန်းမာရေးတွင်မျိုးသမီးများထက် အမျိုးသားများက ပိုမိုသိရှိကြောင့် လေ့လာသိရှိရပါသည်။ အမျိုးသမီးများသည်မီးဖွားခြင်းများကြောင့်ကျန်းမာရေးချို့ယွင်းမှုအနည်းငယ်ကြာနေခြင်းဖြစ်သည်။

**လုံခြုံမှု -** အမျိုးသမီးများက လုံခြုံမှုပိုင်းတွင် အားနည်းနေပါသည်။ အားနည်းရခြင်းမှာ ခန္ဓာကိုယ်ဖွဲ့စည်းပုံကွာခြားရခြင်း၊ ပတ်ဝန်းကျင်က သတ်မှတ်ချက်များကြောင့်ဖြစ်သည်။

**အလုပ်အကိုင်အခွင်းအလမ်း -** အလုပ်ကိုင်အခွင့်လမ်းတွင် သီလဝါစက်မှုဇုံ၊ အထည်ချုပ်စက်ရုံများ ရှိသောကြောင့် အမျိုးသားများထက် အမျိုးသမီးများက ပိုမိုအခွင့်အလမ်းရှိပါသည်။

**လူမှုရေးအဖွဲ့အစည်းများတွင်ပါဝင်နိုင်ခွင့် -** လူမှုရေးအဖွဲ့စည်းများတွင် ပါဝင်နိုင်မှုမှာ အမျိုးသားများက ပိုမိုပါဝင်နေကြပြီး အမျိုးသမီးများက အိမ်မှုကိစ္စများဖြင့် အချိန်ကုန်နေသောကြောင့် ပါဝင်မှုနည်းနေပါသည်။

**ဦးဆောင်နိုင်မှု -** ကျေးရွာအတွင်းတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ဦးဆောင်မှု အခန်းကဏ္ဍတွင် လူထုဗဟိုပြုစီမံကိန်း၏ အသိပညာပေးမှုကြောင့် အမျိုးသား၊ အမျိုးသမီးများတန်းတူရှိပါသည်။

**၆။ ပိုင်ဆိုင်မှု သုံးသပ်ခြင်း။**





**သုံးသပ်ချက်**

**ထိန်းချုပ်မှု** အရင်းအမြစ် ထိန်းချုပ်မှုတွင် အမျိုးသားများက လျှပ်စစ်မီး၊ တံတား၊ ဆောက်လုပ်ရေး၊ ရေတွင်းရေကန်၊ စာကြည့်တိုက်၊ အားကစားကွင်း၊ စာသင်ကျောင်း၊ ဓမ္မာရုံနှင့်ဘုန်းကြီးကျောင်းတို့ကိုထိန်းချုပ်ကြပြီး ဆေးလိပ်ခုံ၊ စက်ရုံ၊ ဈေးရုံနှင့်မူကြိုကျောင်းတို့ကိုအမျိုးသမီးများကထိန်းချုပ်ကြသည်။ လမ်း၊ ဆေးပေးခန်းနှင့်ဘုရားစေတီများကိုအမျိုးသား အမျိုးသမီးတန်းတူထိန်းချုပ်ကြသည်။

**အသုံးပြုမှု** အရင်းအမြစ် အသုံးပြုမှုတွင် အမျိုးသားများက ဘုန်းကြီးကျောင်း၊ ဆောက်လုပ်ရေးနှင့် အားကစားကွင်းတို့ကိုအမျိုးသားများကအသုံးပြုမှုပိုများတတ်ကြပြီး ဘုရား၊ စေတီ၊ ဆေးပေးခန်း၊ စက်ရုံနှင့် ဆေးလိပ်ခုံတို့ကိုအမျိုးသမီးများကအများစုအသုံးပြုကြသည်။ ဓမ္မာရုံ၊ ဈေးရုံ၊ စာကြည့်တိုက်၊ ရေတွင်းရေကန်၊ စာသင်ကျောင်း၊ လမ်း၊ လျှပ်စစ်မီး၊ မူကြိုကျောင်းနှင့်တံတားတို့ကို အမျိုးသားအမျိုးသမီးတန်းတူအသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့်စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများ ထဲတွင်အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကိုပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီ ပေးရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည်မိမိတို့၏ လိုအပ်ချက်အခက်အခဲ များကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ် ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ၁၈. ၁၁. ၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ | √ | | |

| | | | | |
|---|---|---|---|---|
| | ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ပထမအကြိမ် မိတ်ဆက်အစည်းအဝေးပြုလုပ်သည့် မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စီမံကိန်းလုပ်ငန်းခွဲ မစတင်မှီ မှတ်တမ်းဓါတ်ပုံ



၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမျိုးကျော် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ခင်စန်းမူ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီခေါင်းဆောင် |
| ၃ | ဦးသန်းကျော်ဌေး | ကျား | စေတနာ့ဝန်ထမ်း |
| ၄ | ဦးသိန်းညွန့် | ကျား | စေတနာ့ဝန်ထမ်း |
| ၅ | ဒေါ်လှဝင်း | မ | စေတနာ့ဝန်ထမ်း |
| ၆ | ဒေါ်သန်းနွဲ့ | မ | စေတနာ့ဝန်ထမ်း |
| ၇ | ဦးကျော်ကျော်လှိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်စန္ဒာဝင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၉ | ဦးစိုးနိုင် | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်ရီရီမွန် | မ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၁၁ | ဦးအောင်မြင့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ ခေါင်းဆောင် |
| ၁၂ | ဒေါ်တင်တင်ကြည် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၁၃ | ဦးမြလှိုင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဒေါ်ခင်နုဝေ | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၅ | | | |
| ၁၆ | | | |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |
| ၂၃ | | | |
| ၂၄ | | | |
| ၂၅ | | | |

စုစုပေါင်း။ (၁၄) ယောက် ကျား- (၇) ယောက် + မ (၇) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်ကူပြုကော်မတီများ**

၁။ဒေါ်ခင်စန်းမူ ဥက္ကဌ၊ အုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ

၂။ဦးသိန်းသန်း စာရင်းကိုင်၊ အုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ဖြူဇင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၁၈. ၁၁. ၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦးကျော်ဝင်းထွန်း | | ၀၉၄၂၀၂၀၇၂၄၇၇ | | [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ကျောက်ဆည် | ကျေးရွာအုပ်စု ရွှေပျော် | | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၈၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၈၀ |
| လူမျိုးစု (၂) ---ဟိန္ဒူ--- | ၈ | ဘာသာ (၂) ---ဗုဒ္ဓ--- | ၈ |
| လူမျိုးစု (၃) ---ကချင်--- | ၁ | ဘာသာ (၃) ------------ | ၁ |
| လူမျိုးစုရော ---ချင်း--- | ၁ | ဘာသာရော ------------ | ၁ |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | ဗုဒ္ဓ | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | ဗုဒ္ဓ | ၁၅ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၅၉၇ | ၆၁၈ |
| လူမျိုးစု (၂)---ဟိန္ဒူ--- | ၂၂ | ၂၅ |
| လူမျိုးစု (၃)---ကချင်--- | ၃ | ၆ |
| အခြား ချင်း | ၁ | ၂ |
| အိမ်ထောင်ဦးစီး | ၂၄၁ | ၄၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း ✓ | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---၂---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်၊

ဆေးခန်းသွားရာသီတွင်ကြာချိန်---၅ မိနစ်----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်--------၅ မိနစ်--------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဖယ်ဖိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) ---[illegible]-------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၁၀.၁၀.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် - ဒေါ်ဖြူခင်ဝင်း

နေ့စွဲ - ၁၈-၁၁-၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း ( ၁ ) ☑ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ )

ပြည်နယ် / တိုင်း - ရန်ကုန် | မြို့နယ် - ကျောက်တန်း | ကျေးရွာအုပ်စု - ရွှေလှကုန် | ကျေးရွာ - ဆေးဘိုဝ

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သွားလာရေး ခက်ခဲခြင်း | ၁ | သောက်သုံးရေ ခက်ခဲခြင်း |
| ၂ | မူကြိုကျောင်း မရှိခြင်း | ၂ | မိုးရာသီတွင် လမ်းပန်းသွားလာရခက်ခဲခြင်း |
| ၃ | သောက်သုံးရေကန် ဖြစ်စဉ်ပြီး မရှိခြင်း | ၃ | လမ်းမီးများ အခက်အခဲရှိခြင်း |
| ၄ | စာကြည့်တိုက် မရှိခြင်း | ၄ | ကျန်းမာရေး အခက်အခဲရှိခြင်း |
| ၅ | အမျိုးသမီး/သားတန်းတူ အခွင့်အရေးနည်းပါးခြင်း | ၅ | ကလေးများ ပညာသင်ရာ ရရှိမှု နည်းပါးခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စက်ရုံ အလုပ်ရုံ ရှိလာစေရန် | ၁ | အောင်သာစည် ရွာတွင်း သွားလာရေး ကောင်းမွန်ပြေပြစ်ရန် |
| ၂ | မြေလမ်းများအား ကျောက်ချလမ်းများ ဖြစ်လာရန် | ၂ | ရပ်ကွက်တိုင်းအတွင်း လမ်းမီးများ ပေါ်လာစေရန် |
| ၃ | လျှပ်စစ်လမ်းမီးများ ရရှိရန် | ၃ | မူကြိုကျောင်းများ ရှိလာရန် |
| ၄ | ဆေးပေးခန်းများ ရှိလာစေရန် | ၄ | သောက်သုံးရေ လုံလောက်စေရန် |
| ၅ | ဗဟုသုတရရန် စာကြည့်တိုက် ရှိလာရန် | ၅ | ရေကန်ဖြစ်စဉ်ကြီးများ ခိုင်ခံ့ကောင်းမွန်ရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ကျောက်ချလမ်း ပြုပြင်ခြင်း | က + မ | ၈၀၀၀၀၀၀ | ၁၅၇၄ |
| ၂။ | ဆေးဘိုဝရွှေ့တက်မြောင်းတူးဖော်ရန် | က + မ | ၁၀,၀၀၀,၀၀၀ | ၁၅၇၄ |
| ၃။ | ရွာတွင်းလမ်း ပြုပြင်ခြင်း | က + မ | ၅,၀၀၀,၀၀၀ | ၁၅၇၄ |
| ၄။ | လျှပ်စစ်မီးများ ပြုပြင်ရန် | က + မ | ၁၀,၀၀၀,၀၀၀ | ၁၅၇၄ |
| ၅။ | ဆေးဘိုဝကျေးရွာ အောင်သာစည်ရွာအတွင်း လမ်းခင်းရန် | က + မ | ၂၀,၀၀၀,၀၀၀ | ၁၅၇၄ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | စက်မှုလက်မှုသင်တန်းကျောင်းများ အမြန်ဆောက်ရန် | ဂ | |
| ၂။ | မိဘမဲ့ကလေးများ ကူညီထောက်ပံ့ပေးရန် | ဂ | |
| ၃။ | ဓမ္မာရုံ ပြုပြင်ရန် | ဃ | |
| ၄။ | ကွန်ပျူတာ သင်တန်း | ဃ | |
| ၅။ | Speaking သင်တန်း | ဃ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်- ဦးသိန်းသန်း -------- လက်မှတ်- [signature] -------- နေ့စွဲ- ၁၈.၁၁.၁၇ --------

နောက်ဆက်တွဲ(၄) ခြားနားသောအဝိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ဓမ္မာရုံပြင်ရန် | ☑ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | ဆက်သွယ်ရေးသင်တန်း၊ ကျောင်းမှုအတွက်သင်တန်း [illegible] | ☐ မ ☑ ကျား | | |
| | ၂ | မိဘမဲ့ကလေးများ ကူညီထောက်ပံ့ပေးရန် | ☐ မ ☑ ကျား | | |
| | ၃ | ကွန်ပျူတာသင်တန်း | ☑ မ ☐ ကျား | | |
| | ၄ | Speaking သင်တန်း | ☑ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ပြုလုပ်သည့်နေရာ | ။ | ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ |
| ပြုလုပ်သည့်နေ့ရက် | ။ | ၁၈. ၁၁. ၁၇ |
| ပြုလုပ်သည့်အချိန် | ။ | ၁၀:၀၀ နာရီ |
| ကျေးရွာအုပ်စုအမည် | ။ | ရွှေလျောက် |
| မြို့နယ်အမည် | ။ | ကျောက်တံခါး |

---

အစည်းအဝေးတက်ရောက်သူ လူဦးရေ ။ ကျား(၆၅) ၊ မ(၈၇) = ၁၅၂ ဦး

အကြောင်းအရာ ။ ရွှေလျောက်ကျေးရွာအုပ်စု၊ ဆေးဘိုဝကျေးရွာ ပထမအကြိမ် စီမံကိန်း မိတ်ဆက်အစည်းအဝေး

ရည်ရွယ်ချက် ။ ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းအကြောင်း ပိုမိုသိရှိလာစေရန်နှင့် ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ရန်။

ဆွေးနွေးချက် ။ သဘောတူညီချက်

ဆေးဘိုဝကျေးရွာ၏ ဒုတိယနှစ်စက်ဝန်း ပထမအကြိမ် မိတ်ဆက်အစည်းအဝေးကို ၁၀:၀၀ နာရီအချိန်မှာ စတင်ပြီး ဦးစွာပထမ ကျေးရွာရပ်မိရပ်ဖ တစ်ဦးမှ အဖွင့်စကား ပြောကြားပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး မှ လူထုဗဟိုပြု စီမံကိန်း၏ ရည်ရွယ်ချက်ကို ဦးစွာပထမ ရှင်းလင်းပြသပါသည်။ ဆက်လက်၍ စီမံကိန်းမိတ်ဆက် (၁၅) ချက်နှင့် စီမံကိန်းစက်ဝန်း အဆင့်(၆)ဆင့်၊ အဆင့် (၁၄)ဆင့်ကို အသေးစိတ် ပြန်လည်ရှင်းပြပါသည်။ စီမံကိန်း ရန်ပုံငွေသည် ကျေးရွာလူထု အစည်းအဝေးကို အိမ်ထောင်စု (၅၀%) တက်ရောက်မှသာ ရမည်ဖြစ်ကြောင်း ယှဉ်ညီးဥသာ တက်ရောက်၍မရကြောင်း ပြောကြားခဲ့ပါသည်။ ကျေးရွာလူထု ပူးပေါင်းပါဝင်မှသာ စီမံကိန်းလုပ်ငန်းများသည် အောင်မြင်မည်ဖြစ်ကြောင်းနှင့် စေတနာ့ဝန်ထမ်းများသည် ဒုတိယနှစ်စက်ဝန်းတွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်မည် လားဟု ကာယကံရှင်များကို မေးမြန်းခဲ့ပါသည်။ စေတနာ့ဝန်ထမ်းများ အနက်မှ အမျိုးသမီးတစ်ဦးသည် အသက်အရွယ်အရ ဆက်လက်လုပ်ဆောင်ရန် အဆင်မပြေပါသဖြင့် အမျိုးသမီးတစ်ဦးကို မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ သဘောတူညီချက်

။ ဒုတိယနှစ်စက်ဝန်းတွင် ကျေးရွာလူမှုဆန်းစစ်ရန်အတွက် လူထုစည်းရုံးရေးမှူး နှင့် လက်ထောက်နည်းပညာမှူးတို့မှ လူမှုဆန်းစစ်ခြင်း ခေါင်းစဉ် (၆)ခုအား ဆွေးနွေးမှုအပေါ် ယခင်ပထမနှစ်က လုပ်ဆောင်ထားသော ဆန်းစစ်မှုများအရ သိရှိပါသော ပြောင်းလဲမှုများကိုသာ အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ အဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ဆွေးနွေးချက်များအား သုံးသပ်၍ အနှစ်ချုပ် ပြီးစီးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ သဘောတူညီချက်

။ ဒုတိယအကြိမ်အစည်းအဝေးကို ကျေးရွာလူထုအားလုံး၏ သဘောတူညီချက်အရ မိုးစကျနှင့်ညီလပ်ခြား၍ ဆက်လက် လုပ်ဆောင်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

(မှတ်တမ်းတင်သူ)
ဒေါ်ဖြူဇင်ဝေ
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ

ပြုလုပ်သည့်နေ့ရက် ။ ၁၈.၁၁.၁၇

ပြုလုပ်သည့်အချိန် ။ ၁၂:၀၀

ကျေးရွာအုပ်စုအမည် ။ ရွှေပျောက်

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူ လူဦးရေ ။ ကျား (၆၅) ၊ မ (၈၇) = ၁၅၂ ဦး

အကြောင်းအရာ ။ ရွှေပျောက် ကျေးရွာအုပ်စု၊ အေးဘုံ ကျေးရွာ ဒုတိယအကြိမ်မြောက် အစည်းအဝေး

ရည်ရွယ်ချက် ။ ကျေးရွာအတွင်း အမှန်တကယ်လိုအပ်နေသော လုပ်ငန်းခွဲများ ထွက်ပေါ်လာစေရန်နှင့် ကျေးရွာအတွက် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်အတွက် ကျေးရွာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းရန်

ဆွေးနွေးချက် ။ စည်းရုံးရေးမှူးမှ ပထမနှစ်မှ ရွေးချယ်ခဲ့သော ဖွံ့ဖြိုးရေး လုပ်ငန်းခွဲများကို ပြန်လည်ချပြကာ ဒုတိယနှစ်စက်ဝန်းတွင် အသစ်ရွေးချယ်နိုင်ကြောင်းနှင့် ပထမနှစ်မှ ဦးစားပေးအလိုက် ဆက်လက်လုပ်ဆောင်သွားရှိလည်းရကြောင်း ရှင်းပြခဲ့ပါသည်။ ကျေးရွာလူထုများမှ ဦးစားပေးအတိုင်း ကောင်ဘဘစည် ပတ္တမြားလမ်းကိုသာ ဒုတိယနှစ်စက်ဝန်းတွင် လုပ်ဆောင်သွားပါမည်ဟု ပြောကြပါသည်။ ထို့ကြောင့် ကျေးရွာလူထုအားလုံးအား သဘောတူမတူမေးမြန်းရာ အတည်ပြုခဲ့ပါသည်။ စီမံကိန်း လုပ်ငန်းစတင်ချိန်တွင် လူထုအားလုံးပူးပေါင်းပါဝင်ကြပါရန် ပြောကြားခဲ့ပါသည်။

ဆုံးဖြတ်ချက်၊ သဘောတူညီချက် ။ စည်းရုံးရေးမှူးမှ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခဲ့ခြင်း မဟုတ်ကြောင်း ကျေးရွာလူထုအားလုံး၏ သဘောတူညီချက်အရ ကောင်ဘဘစည်ပတ္တမြားလမ်းကို ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက် ၊
သဘောတူညီချက်

"ထို့နောက် ကော်မတီဝင်များ၏ တာဝန်နှင့် ဝတ္တရားများအကြောင်းကို ပြန်လည် ရှင်းပြခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှ ကော်မတီများကို တစ်ဦးချင်းအလိုက် ဒုတိယနှစ်စက်ဝန်းတွင် ဆက်လက်၍ တာဝန်ထမ်းဆောင်လိုစိတ် ရှိ၊ မရှိကို မေးမြန်းခဲ့ပါသည်။ ကော်မတီဝင်များအားလုံးသည် ဒုတိယနှစ်စက်ဝန်းတွင် ဆက်လက်၍ တာဝန်ထမ်းဆောင်ပေးနိုင်ကြောင်း ပြန်လည် ပြောကြားခဲ့ပါသည်။ ကျေးရွာလူထုမှလည်း သဘောတူပါကြောင်း အတည်ပြုခဲ့ပါသည်။ စည်းရုံးရေးမှူးမှ တစ်ဖန် ကော်မတီများ ယခုနှစ်တွင် အသက်ဝင်ရန် လိုကြောင်းနှင့် ကော်မတီများကိုယ်တိုင် စာရင်းဇယားများ ဖြည့်သွင်းရန်၊ စာရင်းစစ်ခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ဆောင်ရန်၊ ရှောင်ရန်များ ပြောကြားခြင်း၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်ပေးပါရန် ပြောကြား၍ ဒုတိယအကြိမ် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

Phyo

( မှတ်တမ်းတင်သူ )
ဒေါ်ဖြူဇင်ဝင်း
လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ - ၁၈. ၁၁. ၂၀၁၇ ကျေးရွာ - ဆေးဘို VDP ရက်စွဲ - ၁၈. ၁၁. ၂၀၁၇
မြို့နယ် - ကျောက်တန်း ကျေးရွာအုပ်စု - ရွှေပျောက်

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံစံ
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)